Press Release

U.S. Embassy Rangoon

110 University Avenue, Kamayut Township, Rangoon, Burma

ဇူလိုင် ၄ ရက် မိန့်ခွန်း
ဇွန် ၈၊ ၂၀၁၂

အားလုံးကို ကြိုဆိုပါတယ်။ ဒီကနေ့ ညနေခင်းမှာကျင်းပတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ၂၃၆ ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ကြွရောက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်။

အမေရိကန်နိုင်ငံသားအားလုံး အလေးအမြတ်ထားတဲ့ ဇူလိုင် ၄ ရက်ရောက်ဖို့ ရက်သတ္တပတ်အနည်းငယ်ပဲ လိုပါတော့တယ်။ ၁၇၇၆ ခုနှစ်တုန်းက အဲဒီနေ့မှာ ပြည်နယ် ၁၃ ခုဟာ ဗီလာဒဲလ်ဖီးယားမှာ ညီလာခံတစ်ရပ်ကျင်းပပြီး ကိုလိုနီအုပ်စိုးသူများအောက်ကနေ ခွဲထွက်ဖို့ ဆန္ဒမဲပေးဆုံးဖြတ်ကာ လွတ်လပ်ရေးကြေညာခဲ့ပါတယ်။ ခင်ဗျားတို့နည်းတူ ကျွန်တော်တို့လည်း တစ်ချိန်က ကိုလိုနီဖြစ်ခဲ့ဖူးပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၃၆ နှစ်တုန်းက တိုင်းပြည်ထူထောင်ခါစ အစောပိုင်းအချိန်မှာဆိုရင် အမေရိကန်ပြည်ထောင်စုဟာ ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တော်လှန်ရေးကနေ တိုင်းပြည်တည်ဆောက်ရေးဆီ အသွင်ကူးပြောင်းရာမှာ မလွယ်ကူ၊ မချောမွေ့ခဲ့ပါဘူး။ ကျွန်တော်တို့ အနောက်ဘက်ကို နယ်ပယ်ချဲ့ထွင်တဲ့အခါနဲ့ စက်မှုလုပ်ငန်းတွေကို လျင်လျင်မြန်မြန် တည်ထောင်တဲ့အခါမှာလည်း တန်ဖိုးကြီးကြီးပေးခဲ့ရပါတယ်။ ဘဏ္ဍာရေးအကျပ်အတည်းတွေ၊ နိုင်ငံခြားပဋိပက္ခတွေနဲ့ ကြုံတွေ့ခဲ့ရတာတွေရှိခဲ့ပါတယ်။ ပြည်တွင်းရေးမငြိမ်သက်မှုတွေနဲ့ ပြည်တွင်းစစ်ကိုလည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ အဆုံးမှာတော့ ဆိုးဝါးတဲ့အခြေအနေတွေကို ပုံမှန်အနေအထားဆီပြန်ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး အနာဂတ်ကို တည်ဆောက်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ မြို့တော်တွေကို တည်ဆောက်ခဲ့ပါတယ်။ ဥပဒေတွေကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့အမှားတွေကနေ သင်ခန်းစာယူပြီး ကျွန်တော်တို့လျှောက်လှမ်းရမယ့်လမ်းကို လိုက်လျောညီထွေရှိအောင် ပြင်ဆင်ခဲ့ပါတယ်။ ဒီကနေ့မှာတော့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတည်ထောင်ခါစ အခြေအနေထက် ဒီမိုကရေစီပိုပြီးပြည့်ဝတဲ့၊ ပိုပြီး ကုံလုံကြွယ်ဝတဲ့၊ ပိုပြီးငြိမ်းချမ်းတဲ့ အခြေအနေမှာ ရောက်ရှိနေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အလုပ်တာဝန်တွေ မပြီးဆုံးသေးပါဘူး။

အမေရိကန်ပြည်ထောင်စုကို "ထာဝရမပြီးဆုံးသေးသောတိုင်းပြည်၊ လုပ်ကိုင်ဆောင်ရွက်ဆဲတိုင်းပြည်"လို့ ခေါ်ပါတယ်။ ဒါအမှန်ပါပဲ။ တိုင်းပြည်ရဲ့ မယုံကြည်နိုင်လောက်အောင်ကောင်းတဲ့ သမိုင်းကြောင်းမှာ ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း အခန်းသစ်ရေးထိုးပါတယ်။ ဒီသမိုင်းသစ်ကို မတူကွဲပြားတဲ့ လူမျိုးစုတွေ၊ ဘာသာဝင်တွေ၊ ယဉ်ကျေးမှုနဲ့ ယုံကြည်မှုတွေ ပိုင်ဆိုင်ထားသူတွေကနေ ရေးထိုးကြတာပါ။ အနှစ်သာရကတော့ မတူကွဲပြားခြင်းရဲ့ သမိုင်းပဲဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့တိုင်းပြည်လိုပဲ ကျွန်တော်တို့ရဲ့တိုင်းပြည်ဟာလည်း မတူကွဲပြားတဲ့ လူမျိုးစုတွေ ကြွယ်ဝတဲ့ တိုင်းပြည်ဖြစ်ပါတယ်။

ခင်ဗျားတို့ရဲ့ဘေးဘီကို လှည့်ကြည့်လိုက်ပါ။ ဒီညမှာ ခင်ဗျားတို့ မြင်တွေ့နေရတဲ့ အမေရိကန်နိုင်ငံသားတွေဟာ တူညီတဲ့ မျိုးနွယ်စု တစ်ခုတည်းကနေ ဆင်းသက်လာတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကြားမှာ တူညီတဲ့အချက်က အတွေးအခေါ်ပါ။ အရာအားလုံးဟာ လွတ်လပ်ပြီး တန်းတူညီမျှမှုရှိတယ်ဆိုတဲ့ အတွေးအခေါ်ပဲဖြစ်ပါတယ်။ လူမျိုး၊ ကိုးကွယ်ရာဘာသာနဲ့ မျိုးနွယ်ကွဲပြားခြင်းတို့ လွှမ်းခြုံထားတဲ့ အယူဝါဒပေါင်းစုံ တည်ရှိခြင်းကို လက်ခံကျင့်သုံးတဲ့ အမေရိကန်ပြည်ထောင်စုကို ကျွန်တော်တို့ ကိုယ်စားပြုပါတယ်။

အမေရိကန်ပြည်ထောင်စုကို စတင်တည်ထောင်ကတည်းက ကမ္ဘာတစ်လွှားကလူတွေကို လာရောက်နေထိုင်သူတွေ၊ နိုင်ငံသားတွေ အဖြစ် လက်ခံခဲ့ပါတယ်။ တကယ်တမ်းပြန်ကြည့်ရင် အမေရိကန်အများစုရဲ့ ဘိုးဘေးတွေဟာ တခြားတစ်နိုင်ငံကဖြစ်ပြီး ဒီကနေ့ခေတ်မှာ ပြည်ပမှာမွေးဖွားတဲ့ အမေရိကန်ဦးရေကလည်း အရင်ကထက်စာရင် မြင့်မားလာပါတယ်။ ကျွန်တော်တို့မြေဟာ ရဟူဒီ ဘုရားဝတ်ကျောင်းတွေ၊ ခရစ်ယာန်ဘုရားကျောင်းတွေ၊ မူဆလင်ဗလီတွေနဲ့ ဘုန်းတော်ကြီးကျောင်းတွေတည်ရှိနေတဲ့ ဘာသာပေါင်းစုံတည်ရှိရာ တိုင်းပြည်လည်း

ဖြစ်ပါတယ်။ အားလုံးကိုခြုံငြောရရင် အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာပေါ်မှာ ဘာသာပေါင်းစုံ အများဆုံးတည်ရှိရာ လူ့အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။

ဟုတ်ပါတယ်၊ ဘာသာရေးပေါင်းစုံ၊ မျိုးနွယ်စုပေါင်းစုံကို စည်းစည်းလုံးလုံးရှိအောင် ထိန်းသိမ်းထားနိုင်ဖို့က မလွယ်ကူပါဘူး။ ကွဲပြားတဲ့ယဉ်ကျေးမှု ဒါမှမဟုတ် နိုင်ငံရေးအမြင်ရှိသူတွေကို ဆက်ဆံရာမှာ ခက်ခဲနိုင်ပါတယ်။ တစ်ရာခိုင်နှုန်းသောသူတွေရဲ့ စံတန်ဖိုးတွေက ၉၉ ရာခိုင်နှုန်းသောသူတွေရဲ့ စံတန်ဖိုးနဲ့ လွန်စွာမှကွဲပြားနေရင် တူညီတဲ့ဘုံအခြေအနေရရှိဖို့ ခက်ခဲနိုင်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ပြီးပြည့်စုံတဲ့ ဥပမာတစ်ခုတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင်လည်း သင်ယူနေဆဲပါ။

ဒါပေမဲ့ အကယ်၍ အမေရိကရဲ့ ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်ကနေ သင်ခန်းစာတစ်ရပ် သင်ကြားပြသပေးခဲ့တာရှိမယ်ဆိုရင် အဲဒါကတော့ နိုင်ငံတစ်ခုဟာ သူ့ရဲ့ မတူကွဲပြားခြားနားမှုတွေကို ထွေပွေ့လက်ခံတယ်၊ ရည်မှန်းချက်အရ စုစည်းညီညွတ်ကြတယ်၊ ပြီးတော့ တန်းတူညီမျှမှုရှိရေးအတွက် တကယ်လိုလားကြတယ်ဆိုရင် ကွဲပြားခြားနားမှုတွေကို ကျော်လွှားနိုင်ပါတယ်။ ဘယ်စိန်ခေါ်မှုမျိုးကိုမဆို ရင်ဆိုင်နိုင်သလို မမျှော်မှန်းနိုင်တဲ့ အမြင့်ဆီကိုလည်း တက်လှမ်းနိုင်ပါတယ်။ မတူကွဲပြားခြားနားမှုများရဲ့ အင်အားကို ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒါဟာအဆုံးစွန်သော အင်အားကြီးမားလှတဲ့ အားသာချက်ပါ။

တိုတောင်းလှတဲ့အချိန်ကလေးအတွင်းမှာ မမျှော်မှန်းနိုင်လောက်အောင် အောင်မြင်မှုရခဲ့တဲ့ နောက်နိုင်ငံ တစ်နိုင်ငံကိုလည်း ကျွန်တော်တို့အနေနဲ့ ဝေးဝေးကို လှမ်းကြည့်နေစရာမလိုပါဘူး။ ကုန်ခဲ့တဲ့ ကိုးလတာကာလအတွင်း အံ့သြစရာကောင်းတဲ့ ဒီနိုင်ငံမှာ ကျွန်တော် ရှိနေခဲ့ပါတယ်။ ဒီမှာဖြစ်ပေါ်ခဲ့တဲ့ အပြောင်းအလဲတွေကို ကျွန်တော်မြင်ခဲ့ပါတယ်။ အပြောင်းအလဲတွေကို ကိုယ်တိုင်လည်း ခံစားခဲ့ရပါတယ်။

လွန်ခဲ့တဲ့ ကိုးလတုန်းကဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဟာ နှစ်ပေါင်းများစွာ နေအိမ်အကျယ်ချုပ်ကျခံရပြီးတဲ့နောက် စွန့်စွန့်စားစားနဲ့ မြို့ပြင်ကို ခရီးစထွက်ခဲ့ရတာပါ။ ဒီကနေ့မှာတော့ သူဟာ လွှတ်တော်အမတ်တစ်ဦးအနေနဲ့ ကမ္ဘာ့စင်မြင့်ထက်မှာ နေရာယူနိုင်ခဲ့ပါပြီ။

လွန်ခဲ့တဲ့ ကိုးလတုန်းကဆိုရင် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပဖို့ဆိုတာ အတော်ဝေးတဲ့ အိပ်မက်တစ်ခုပါ။ ဒီကနေ့မှာတော့ အတော်ကြီးကို အဆင်ပြေပြေနဲ့ ငြိမ်းချမ်းတဲ့ ကြားဖြတ်ရွေးကောက်ပွဲဟာ အရှိတရားတစ်ခုဖြစ်ပြီး ကျွန်တော်တို့ရဲ့ အသိအမှတ်ပြုမှုနဲ့ ချီးကျူးဂုဏ်ပြုမှုကိုလည်း ခံယူထိုက်ပါတယ်။ ဒီ့အတွက် သမ္မတ ဦးသိန်းစိန်ရဲ့ ခေါင်းဆောင်မှုကို ချီးကျူးထိုက်ပါတယ်။

လွန်ခဲ့တဲ့ကိုးလတုန်းကဆိုရင် မင်းကိုနိုင်နဲ့ ဇာဂနာတို့ဟာ သူတို့ရဲ့ ယုံကြည်ချက်ကြောင့်ထက် မပိုတဲ့အကြောင်းကြောင့် အကျဉ်းကျခံနေခဲ့ကြရပါတယ်။ ဒီကနေ့မှာတော့ သူတို့နဲ့အတူ နိုင်ငံရေးအကျဉ်းသား ရာပေါင်းများစွာဟာ လွတ်မြောက်ခဲ့ကြရုံမက သူတို့နိုင်ငံ ကောင်းကျိုးအတွက် ပါဝင်လုပ်ဆောင်နေကြပါပြီ။

ကြည့်လေရာမှာ အပြောင်းအလဲတွေက အံ့ဘာနန်းပါပဲ။ မြစ်ဆုံဆည် ရပ်သွားပါတယ်။ လူ့အခွင့်ရေးရာကော်မရှင်ကို ဖွဲ့စည်းထူထောင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးသဘောတူညီချက် ဆယ့်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဆင်ဆာတည်းဖြတ်မှု တစ်စတစ်စနဲ့ လျော့ပါးလာခဲ့ပါတယ်။

ဒီနိုင်ငံဟာ အများကတွေးထင်ထားတာထက်ကျော်ပြီး ခရီးပေါက်ခဲ့ပါတယ်။ ဂါရှင်တန်က ကျွန်တော်တို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ ခေါင်းဆောင်တွေ အတော်များများဟာ ဒီသမိုင်းဂင်အပြောင်းအလဲတွေကို ကိုယ်တိုင်တွေ့မြင်နိုင်ဖို့ ရောက်လာခဲ့ကြပါတယ်။ သူတို့တစ်တွေဟာ တွေ့မြင်ရတဲ့အပေါ်မှာ အထင်ကြီးလေးစားသွားကြတာကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ ကာလတာရှည် ဂန်ပိနေတာတချို့လည်း ပြေလျော့လာပါပြီ။

ဖြစ်ထွန်းမှုတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အားလုံးက အလွန့်အလွန် အကောင်းမြင်ပါတယ်။ ရှေ့မှာ ခက်ခဲတဲ့ခရီးကို လျှောက်လှမ်းရဦးမယ်ဆိုတာကိုလည်း သိပါတယ်။ ဒါပေမဲ့ နိုင်ငံဟာ အခုအထိ ချီတက်လာသလောက်မှာတော့ အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ တိုးတက်ဖြစ်ထွန်းမှုတွေကလည်း မှတ်သားလောက်စရာပါ။ ဒါပေမဲ့ ဒါနဲ့တင်ရပ်လို့တော့ မရပါဘူး။ နိုင်ငံရေးအကျဉ်းသားပြဿနာဟာ မပြီးဆုံးသေးတဲ့အပြင် အတော်များများ အကျဉ်းကျခံနေရတုန်းဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုကို ဆက်လက်အကောင်အထည်ဖော်သွားရမှာဖြစ်သလို အဂတိလိုက်စားမှုကိစ္စကိုလည်း ကိုင်တွယ်ရပါမယ်။ တိုင်းရင်းသားလူနည်းစုတွေရဲ့ နေရာတွေမှာ တိုက်ခိုက်မှုတွေနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအားလုံးကို ရပ်ဆိုင်းပြီး စစ်မှန်တဲ့ဆွေးနွေးမှုတွေနဲ့ ရေ့ဆက်ရပါမယ်။ စစ်မှန်တဲ့ဒီမိုကရေစီဆီကို ဆက်လက်ချီတက်ရမှာဖြစ်ပြီး အတိုက်အခံတွေရဲ့အသံတွေကိုလည်း ကြားခွင့်ပေးရပါမယ်။ နိုင်ငံရေးအကျဉ်းသားတွေ ထပ်မံစေလွှတ်ပေးဖို့၊ တိုင်းရင်းသား လူနည်းစုဒေသများမှာ ပဋိပက္ခလွန် အကူအညီတွေပေးဖို့၊ စီးပွားရေးအခွင့်အလမ်းတွေ တိုးတက်ကောင်းမွန်စေဖို့၊ အစိုးရအတွင်းမှာ

အတိုက်အခံတွေရဲ့အသံတွေကို ပိုပြီးနေရာပေးဖို့၊ လူ့အဖွဲ့အစည်းထဲမှာ အမျိုးသမီးတွေရဲ့ကဏ္ဍ ပိုမိုပါဝင်နိုင်ရေးကို ရှာဖွေကြံဆဖို့လို ကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်းတစ်ရပ်လည်း ရှိနေပါတယ်။

ဒီအသွင်ကူးပြောင်းဆဲကာလမှာ အထက်ဆိုခဲ့ပါအချက်တွေအတွက် အမေရိကန်ပြည်ထောင်စုရဲ့ အားပေးထောက်ခံမှုနဲ့ လမ်းညွှန်မှု ကိုခံယူဖို့ ကျွန်တော်အကြံပေးချင်ပါတယ်။ ကုန်ခဲ့တဲ့လက ပါရှင်တန်မှာ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ပြောခဲ့သလိုပါပဲ၊ "ဒီပြုပြင်ပြောင်းလဲမှုတွေကို အမေရိကန်ပြည်ထောင်စုက အခိုင်အမာ ထောက်ခံပါတယ်။ ကျွန်တော်တို့ အားလည်းပေးချင်ပါတယ်။ ဒါကို အသိအမှတ်လည်းပြုပါတယ်။ ဒုံထက်ပိုပြီး ဒီပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်ဖြစ်ထွန်းတာကို ကျွန်တော်တို့တစ်တွေ မိတ်ဖက်အဖြစ်နဲ့တွေ့ချင်ပါတယ်"

လူတိုင်းအတွက် ပျော်ရွှင်ဖွယ် လွတ်လပ်ရေးနေ့ ဖြစ်ပါစေ။